ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၅)    ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | ဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် သိထားသင့်သောရေးထုံးရေးနည်း။ | ၅-၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့အတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၇-၉ |
| ၄။ | ဥရောပမီဒီယာလွတ်လပ်ခွင့်အက်ဥပဒေနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း ။ | ၁၀-၁၁ |
| ၅။ | One Direction အဆိုတော်အဖွဲ့ဝင်ဟောင်း လီယမ်ပိန်းသေဆုံးမှုနှင့်ပတ်သက်၍ လူ(၃)ဦးကို ဖမ်းဆီးထားခြင်း။ | ၁၂-၁၄ |
| ၆။ | ကမ္ဘောဒီးယားနိုင်ငံနှင့် အငြင်းပွားမှုဖြစ်နေသောပင်လယ်ပြင်ဧရိယာနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဆောင်ရွက်ချက်။ | ၁၅-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ သတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၏ ခဲတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ပြည်ပမှတင်သွင်းသောကုန်ပစ္စည်း၏ ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုရလဒ်အပေါ် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုသည့်အမိန့်ကြော်ငြာစာနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၀ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၄၀/၉၄ တို့ကို ရုပ်သိမ်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ပမှတင်သွင်းသည့်ကုန်ပစ္စည်း၏ ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ်အပေါ် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုသည့်အမိန့်အား ၁၂-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဤအမိန့်သည် ၉-၁-၂၀၂၅ နေ့တွင် စတင်အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုအမိန့်ကြော်ငြာစာအပိုဒ် ၁(ဆ)၌ ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ်ဆိုသည်မှာ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် ကုန်ပစ္စည်းအားတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူမှပေးပို့သည့် နမူနာပစ္စည်းအပေါ် စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရရှိသည့် မူလစမ်းသပ်စစ်ဆေးမှုရလဒ်ကိုဆိုကြောင်း၊ အပိုဒ်၁(ဇ)၌

ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးခွင့်ဆိုသည်မှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၏ အပိုဒ် ၅.၃.၁ အရ ကုန်ပစ္စည်းနမူနာ၏ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ်သည် သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် တင်ပြသည့်ကုန်ပစ္စည်း၏အရည်အသွေးနှင့် ဆက်စပ်သည့် ကုန်သွယ်မှုစာရွက် စာတမ်းပါသတ်မှတ်ချက်များအရလည်းကောင်း၊ အခွင့်ရအာဏာပိုင်က ကုန်စည်အလိုက် သတ်မှတ် ထုတ်ပြန်ထားသည့် စံသတ်မှတ်ချက်များအရလည်းကောင်း ကိုက်ညီခြင်းမရှိပါက ပြန်လည်စစ်ဆေး ပေးရန် လျှောက်ထားသည့်အခါ စစ်ဆေးခွင့်ပြုခြင်းကိုဆိုကြောင်း ဖော်ပြထားပါသည်။

ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးခွင့်လျှောက်ထားခြင်း၊ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ကုန်ပစ္စည်း တင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုရလဒ်နှင့် သွင်းကုန်ကြေညာလွှာတွင် တင်သွင်း ထားသည့် ကုန်ပစ္စည်း၏အရည်အသွေးတို့ ကိုက်ညီမှုမရှိပါက ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ် အားလက်ခံရရှိချိန်မှစ၍ ရက်ပေါင်း ၃၀အတွင်း ယင်းကုန်ပစ္စည်းကို ဒုတိယအကြိမ်စမ်းသပ်စစ်ဆေး ခွင့်ပြုရန် ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးမည့်ဓာတ်ခွဲခန်းအမည်၊ ပထမအကြိမ်စမ်းသပ်စစ်ဆေးခဲ့သည့် ရလဒ်စသည့်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြ လျှောက်ထားရမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ ကျော်လွန်ပြီးမှ လျှောက်ထားပါက ဒုတိယအကြိမ် ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခွင့်ပြုမည်မဟုတ်ဘဲ မူလစစ်ဆေးချက်ရလဒ်ကိုသာ အတည်ပြုမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် တင်ပြလျှောက်ထားလာသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှု ရှိပါက ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်လျှောက်ထားခြင်းအား ခွင့်ပြုနိုင်ကြောင်း ဖော်ပြထား သည်ကို သိရှိရပါသည်။

ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးနိုင်ရန် နမူနာပစ္စည်းထုတ်ယူပေးပို့ရာတွင် ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သည် နမူနာပစ္စည်းထုတ်ယူရာတွင် အကောက်ခွန်ကြီးကြပ်မှုအောက်တွင်ရှိသော နမူနာထုတ်ပေး ထားသည့်ကုန်ပစ္စည်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အကောက်ခွန်အရာရှိ၏ရှေ့မှောက်၌ ထုတ်ယူခြင်း၊

အကောက်ခွန်အရာရှိသည် ထုတ်ယူထားသော နမူနာပစ္စည်းအပေါ်တွင် သတ်မှတ်ထားသည့် အကောက်ခွန်အမှတ်တံဆိပ်ကို ကပ်နှိပ်ခြင်း၊ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရ ကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးရန် ခွင့်ပြုထားသည့်ဓာတ်ခွဲခန်းသို့ နမူနာပစ္စည်းကိုပေးပို့ခြင်းတို့ ဆောင်ရွက်ရမည် ဖြစ်သည်။

ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုခြင်းသည် အကောက်ခွန်ကြီးကြပ်မှုအောက်တွင် အကျုံးဝင်သော သွင်းကုန်ကြေညာလွှာတင်သွင်းထားသည့်ကုန်ပစ္စည်းနှင့်သာ သက်ဆိုင်စေရမည် ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် သိထားသင့်သော ရေးထုံးရေးနည်း

ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရာတွင် ဥပဒေ၏အနှစ်သာရ(Spirit of Law)နှင့် ရည်ရွယ်ချက်များ (Objectives) သည် အရေးကြီးဆုံးဖြစ်သည့်အပြင် ဥပဒေရေးထုံးရေးနည်းများနှင့်အညီ စိစစ်ရေးဆွဲရန် အထူးလိုအပ်ပါသည်။

ဥပဒေစာအရေးအသား (Letters of law)နှင့် ဥပဒေရေးထုံးရေးနည်း (Legislative Drafting Practice) တို့နှင့်စပ်လျဉ်း၍ Quick Guide to legislative Drafting တွင် "means" နှင့်"include" အသုံးပြုပုံကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

The basic distinction between these two terms is that "means" is exclusive while "include" is not. It a definition says that "the term "x" means A,B, and C and cannot also mean D and E. It a definition says that "the term "x" includes A,B, and C then X must include A, B, and C, but it may also include D, E and both. Thus the phrase "includes" but is not limited to is redundant.

ယနေ့ခေတ်တွင်ကျင့်သုံးနေသည့် ဥပဒေရေးထုံးရေးနည်းအနေဖြင့် ဥပဒေ(မူကြမ်း)တစ်ရပ်တွင် စကားရပ်တစ်ခုကိုဖွင့်ဆိုရာ၌ အဓိပ္ပာယ်အားလုံးကိုခြုံ၍ ဖွင့်ဆိုနိုင်သည့်စကားရပ်ကို "ဆိုသည်မှာ (means)" ကို သုံးနှုန်းပြီး ယင်းစကားရပ်တွင်ပင် ဖြည့်စွက်လိုသည့်စကားရပ်ကို ယင်းစကားရပ်တွင် "ပါဝင်သည် (includes)" ကို သုံးနှုန်းဖော်ပြကြောင်း တွေ့ရှိရပါသည်။

မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသောဥပဒေများတွင် စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ရေးထုံးရေးနည်းပိုင်းနှင့် စပ်လျဉ်း၍အောက်ပါအတိုင်း သုံးနှုန်းဖော်ပြသည်ကို တွေ့ရှိရပါသည်-

(က) --------------------------- ဆိုသည်မှာ------------------------------ဆိုသည်။

(ဥပမာ)မျိုးစေ့ဥပဒေ ပုဒ်မ ၂၊ပုဒ်မခွဲ(က)တွင်“မျိုးစေ့ဆိုသည်မှာ အပွင့် သို့မဟုတ် အသီးမှရရှိသော မျိုးစေ့နှင့် မျိုးပွားစိုက်ပျိုးနိုင်သောအပင် သို့မဟုတ် အပင်၏အစိတ်အပိုင်းအားလုံးကို ဆိုသည်။”

(ခ) ------------------------- ဆိုရာတွင်-------------------------------- ပါဝင်သည်။

(ဥပမာ)သစ်တောဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တွင် “သစ်ပင်ဆိုရာတွင် သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ပါဝင်သည်။”

(ဂ) -----------------------------ဆိုသည်မှာ-------------------ဆိုသည်။ ယင်းစကားရပ်တွင် -----------------------------ပါဝင်သည်။

(ဥပမာ)မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တွင် “လက်ဝယ်ထားခြင်း ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသောဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်၊ ပစ္စည်းတစ်ခုခု၌ ထားရှိခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုသူ၏ အစီအမံဖြင့် ထားရှိစေခြင်းလည်းပါဝင်သည်။”

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၄၅) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်

## ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံခြောက်ခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၄ ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံနှစ်ခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၄ ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံငါးခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၄ ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ အဆောက်အအုံကိုးခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၂၀/၂၀၂၄ ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အဆောက်အအုံတစ်ခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၄ ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံနှစ်ခုကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၄ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၄ အရ သတ်မှတ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများမှာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ပဲခူး)ပင်မဆောင်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ပြည်)

ပင်မဆောင်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရွှေတောင်) နဝရတ်ဆောင်၊ အခြေခံပညာအထက်တန်းကျောင်း (ရွှေတောင်) ပုလဲဆောင်နှင့် အခြေခံပညာအထက်တန်းကျောင်း (ကြို့ပင်ကောက်) နဝရတ်ဆောင်တို့ဖြစ်ကြပြီး၊ ယင်းအမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၄ အရ သတ်မှတ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများမှာ ရေနံချောင်းတက္ကသိုလ်(ပင်မဆောင်)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (မကွေး) သပြေဆောင်တို့ဖြစ်ကြပြီး ယင်းအမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၄ အရ သတ်မှတ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများမှာ အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း (မဟာအောင်မြေ) မြနန္ဒာဆောင်၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(မဟာအောင်မြေ)သီရိမင်္ဂလာဆောင်၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း (မဟာအောင်မြေ) တေဇဆောင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးတို့ဖြစ်ကြပြီး၊ ယင်းအမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၄ အရ သတ်မှတ်သည့် မွန်ပြည်နယ်အတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများမှာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (မော်လမြိုင်) နော်မန်ဆောင်၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း (မော်လမြိုင်) ရုံးခန်းဆောင်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ပင်မဆောင်)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း (မော်လမြိုင်)ပင်မဆောင်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (မော်လမြိုင်) ပင်မဆောင်နှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း (မော်လမြိုင်) မြစိမ်းဆောင်၊ နီလာဆောင်၊ ပတ္တမြားဆောင်၊ သိင်္ဂီဆောင်တို့ဖြစ်ကြပြီး၊ ယင်းအမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၄ အရ သတ်မှတ်သည့် ရှမ်းပြည်နယ်အတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံမှာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (ကျိုင်းတုံ) ချယ်ရီဆောင်တို့ဖြစ်ကြပြီး၊ ယင်းအမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၄ အရ သတ်မှတ်သည့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံများမှာ အခြေခံပညာအထက်တန်း

ကျောင်း (ဝါးခယ်မ) သီရိဆောင်နှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (မအူပင်) ရာကျော်ပင်မဆောင်တို့ ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

# ဥရောပမီဒီယာလွတ်လပ်ခွင့်အက်ဥပဒေနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ဥရောပသမဂ္ဂတွင် ဥရောပနိုင်ငံသားများအနေဖြင့် ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များရယူသုံးစွဲခွင့်ဆိုင်ရာကိစ္စရပ်များနှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥရောပမီဒီယာလွတ်လပ်ခွင့်အက်ဥပဒေကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များအနက် မီဒီယာဝန်ဆောင်မှုများကိုရရှိသူများမှ မီဒီယာတွင်ဖော်ပြထားသော အကြောင်းအရာများကို လွတ်လပ်စွာရယူခြင်းဆိုင်ရာအခွင့်အရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့်ဥပဒေပုဒ်မ ၃ သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့ပါသည်။ ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၂၅ ခုနှစ် သြဂုတ်လ ၈ရက်နေ့မှသာ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

ဥရောပမီဒီယာလွတ်လပ်ခွင့်ဥပဒေသည် ပြည်တွင်းဈေးကွက်၏ခိုင်မာမှုကို မြှင့်တင်ခြင်းဖြင့် ဥရောပသမဂ္ဂရှိ မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန်ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အဆိုပါဥပဒေပေါ်ပေါက်လာရေးအတွက် ဥရောပဂျာနယ်လစ်များအဖွဲ့ချုပ် (EFJ)၊ အခြားသောမီဒီယာလွတ်လပ်ခွင့်အဖွဲ့များ၊ ဥရောပအသံလွှင့်သမဂ္ဂ (EBU) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ နှစ်ပေါင်းများစွာ ကြိုးစားဆောင်ရွက်ခဲ့ကြခြင်းဖြစ်ရာ ယခုအခါ ဥရောပရှိ မီဒီယာအားလုံးနှင့် သက်ဆိုင်သည့်ပထမဦးဆုံးသောဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် အဆိုပါအဖွဲ့အစည်းများ၏ သမိုင်းဝင်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။

ဥရောပမီဒီယာလွတ်လပ်ခွင့်ဥပဒေတွင် သတင်းသမားများ၏မီဒီယာလွတ်လပ်ခွင့်ကို အလေးပေးဖော်ပြထားပြီး သတင်းသမားများ၏သတင်းအရင်းအမြစ်များနှင့် လျှို့ဝှက်ကိစ္စရပ်များကို ထိထိရောက်ရောက်အကာအကွယ်ပေးရန်အတွက် ဆောင်ရွက်ရမည့်အစီအမံများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စာနယ်ဇင်းဝန်ဆောင်မှုများအား ပြည်သူ့ဝန်ဆောင်မှုအဖြစ်ရန်ပုံငွေထောက်ပံ့မှုအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ဘက်လိုက်မှုမရှိသောစံနှုန်းများ သတ်မှတ်ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဥရောပမီဒီယာလွတ်လပ်ခွင့်အက်ဥပဒေသည် မီဒီယာဝန်ဆောင်မှုများအတွက် ပြည်တွင်းဈေးကွက်၏ဆောင်ရွက်ချက်များကို ပိုမိုကောင်းမွန်စေပြီး မီဒီယာဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် အတားအဆီးများ ပေါ်ပေါက်လာခြင်းကို တားဆီးပေးနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ဥရောပမီဒီယာလွတ်လပ်ခွင့်အက်ဥပဒေသည် နိုင်ငံသားများအတွက် အခွင့်အရေးသစ်တစ်ရပ်အနေဖြင့် ခွင့်ပြုပေးရုံသာမက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ဥရောပသမဂ္ဂတွင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်၊ မူဘောင်များ ပြဋ္ဌာန်းထားရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.taylorwessing.com/en/interface/2024/media-update-2024/the-european-media-freedom-act
- https://resilientmedia.eu/?p=1040
- https://rsf.org/en/european-media-freedom-act-emfa-right-reliable-information-has-been-legally-acknowledged-first-time

## One Direction အဆိုတော်အဖွဲ့ဝင်ဟောင်း လီယမ်ပိန်းသေဆုံးမှုနှင့်ပတ်သက်၍ လူ(၃)ဦးကို ဖမ်းဆီးထားခြင်း

One Direction အဆိုတော်အဖွဲ့ဝင်ဟောင်း လီယမ်ပိန်းသေဆုံးမှုနှင့်ပတ်သက်၍ လူသုံးဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း အာဂျင်တီးနားအစိုးရရှေ့နေများက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုတော် လီယမ်ပိန်းသေဆုံးသည့်ဖြစ်ရပ်တွင် မူးယစ်ဆေးဝါးသယ်ယူထောက်ပံ့ပေးခြင်းကဲ့သို့ မှုမမှန်သောအပြုအမူများ စုံစမ်းတွေ့ရှိရခြင်းကြောင့် လူသုံးဦးကို ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်သည်ဟု အစိုးရရှေ့နေ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လီယမ်ပိန်းဟု လူသိများသော လီယမ်ဂျိမ်းစ်ပိန်း(Liam James Payne) သည် ၂၀၁၀ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ကမ္ဘာကျော်ခဲ့သော ဗြိတိသျှအမျိုးသားအဆိုတော်အဖွဲ့ One Direction တွင် အခြားအဖွဲ့ဝင် ၄ ဦးဖြစ်သည့် ဟယ်ရီစတိုင်းလ်စ်၊ လူဝီတွမ်မ်လင်ဆန်၊ နိုင်းလ်ဟော်ရန်၊ ဇိန်းမာလစ် တို့နှင့်အတူပါဝင်ခဲ့သော အင်္ဂလိပ်လူမျိုးအဆိုတော်ဖြစ်ပြီး ၂၆.၁၀.၂၀၂၄ ရက်နေ့က အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်(Buenos Aires)မြို့ရှိ ဟိုတယ်ကာဆာဆား၏( Hotel Casa Sur)တွင် တည်းခိုနေထိုင်စဉ် တတိယထပ် လသာဆောင်ပေါ်မှပြုတ်ကျ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

လီယမ်ပိန်းမသေဆုံးမီ နောက်ဆုံး 72 နာရီအတွင်း အဆိပ်ဗေဒဆိုင်ရာအစီရင်ခံစာများအရ ၎င်းသည် အရက်၊ကိုကင်းနှင့်စိတ်ကျရောဂါသက်သာစေသောဆေးများသုံးစွဲခဲ့သည်ကိုတွေ့ရှိကြောင်း အစိုးရရှေ့နေရုံးက ဖော်ပြခဲ့သည်။

မှုခင်းဆရာဝန်များက ၎င်း၏ဒဏ်ရာများသည် အမြင့်မှပြုတ်ကျခြင်းကြောင့် ရရှိခဲ့ခြင်းဖြစ်သောကြောင့် မတော်တဆဖြစ်ရပ်အဖြစ် သတ်မှတ်ထားကြသော်လည်း ၎င်းမသေဆုံးမီ ကက်တမင်းနှင့်မက်အင်ဖီတမင်းစသည့် မူးယစ်ဆေးဝါးများသုံးစွဲထားသည်ကို တွေ့ရကြောင်း၊ အသေးစိတ်စုံစမ်းပြီးနောက်တွင် လီယမ်ပိန်းမသေဆုံးမီ ၂ ရက်ခန့်က ၎င်းထံသို့ မူးယစ်ဆေးဝါးသုံးစွဲရန် ပို့ဆောင်

ပေးသည့်ဟိုတယ်ဝန်ထမ်း ၂ ဦးနှင့် လီယမ်ပိန်းကို ဟိုတယ်ခန်းထဲတွင် စွန့်ပစ်ထားခဲ့သည့် ၎င်း၏ သူငယ်ချင်းတစ်ဦးတို့အား ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။

လီယမ်ပိန်း ဟိုတယ်ခန်းက ပြုတ်ကျချိန်တွင်အခန်း၌ ၎င်းတစ်ဦးတည်းရှိကြောင်း အစိုးရရှေ့နေများကပြောသော်လည်း ဖမ်းဆီးစစ်ဆေးခံရသူ ၃ ဦးအနက်တစ်ဦးမှာ လီယမ်ပိန်း ဗျူနိုအေးရိစ်တွင်ရှိနေစဉ် ၎င်းနှင့်အတူမကြာခဏရှိနေခဲ့ကြောင်း၊ အခြားဖမ်းဆီးစစ်ဆေးခံရသူ ဟိုတယ်ဝန်ထမ်းများမှာ လီယမ်ပိန်းအား အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဟိုတယ်တွင်တည်းနေစဉ် ကိုကင်းမူးယစ်ဆေးဝါးရှာပေးခဲ့သူဖြစ်ကြောင်းနှင့် နောက်ဆုံးတစ်ဦးမှာ မူးယစ်ဆေးရောင်းသူဖြစ်ကြောင်း အစိုးရရှေ့နေရုံးက နိုဝင်ဘာလ ၇ ရက်နေ့ ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့သည်။ စစ်ဆေးခံရသူများ၏အမည်များကို ဖော်ပြထားခြင်းမရှိသော်လည်း ၎င်းတို့အား အာဂျင်တီးနားနိုင်ငံ ပြင်ပထွက်ခွာခွင့် ပိတ်ပင်ထားကြောင်း သိရသည်။

လီယမ်ပိန်း၏ရုပ်အလောင်းစစ်ဆေးချက်အရ ၎င်းရရှိခဲ့သောဒဏ်ရာများသည် ၎င်းကိုယ်တိုင်ပြုလုပ်ထားခြင်းမဟုတ်သလို အခြားသူတစ်ဦးတစ်ယောက်၏ပြုလုပ်မှုကြောင့် ရရှိခဲ့ခြင်းမဟုတ်ကြောင်း၊ ပြုတ်ကျချိန်တွင် ၎င်းမှာ မိမိကိုယ်ကိုကာကွယ်ခဲ့သည့် အခြေအနေမတွေ့ရခြင်းကြောင့် သတိလစ်မေ့မြောနေသည့်အနေအထားရှိကြောင်း ဆေးစစ်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် လီယမ်ပိန်း အနေဖြင့် မိမိကိုယ်ကိုသတ်သေခြင်းမဟုတ်ကြောင်း အစိုးရရှေ့နေများ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစိုးရရှေ့နေရုံး တာဝန်ရှိသူက "အရက်နဲ့မူးယစ်ဆေး အများအပြားပါလာသည့် ညှော်သည်တစ်ယောက်ရောက်နေတယ်ဆိုပြီး ဟိုတယ်ဘက်က အရေးပေါ်ဝန်ဆောင်မှုကို ဖုန်းခေါ်ဆိုမှု ၂ ကြိမ်ပြုလုပ်ခဲ့ပါသေးတယ်။ အဆိပ်အတောက်ဗေဒစစ်ဆေးချက်အရ ကိုကင်း၊ အယ်လ်ကိုဟောနဲ့ စိတ်ကျရောဂါသောက်ဆေးသုံးစွဲထားတဲ့လက္ခဏာတွေကို ဖော်ထုတ်နိုင်ခဲ့တယ်"ဟုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုတော် လီယမ်ပိန်းသေဆုံးခဲ့ပြီးနောက် ၎င်းတည်းခိုခဲ့သည့် ဟိုတယ်အခန်းထဲတွင် မူးယစ်ဆေးဝါးများနှင့် ဖျက်ဆီးခံထားရသည့်ပစ္စည်းများ၊ ဟိုတယ်ပရိဘောဂများ စစ်ဆေးတွေ့ရှိခဲ့ကြောင်း အာဂျင်တီးနားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် လူတစ်ဦးတစ်ယောက် ပုံမှန်မဟုတ်သောအခြေအနေဖြင့် သေဆုံးခဲ့ပါက သေဆုံးသူအား မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးခြင်းပြုလုပ်ကာ တွေ့ရှိသောအချက်အလက်များကို အခြေခံ၍ ထိုသူသည် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းရန် သေမှုသေခင်းဖွင့်လှစ်စစ်ဆေးခြင်း၊ ဓမ္မတာအတိုင်းသေဆုံးခြင်းဖြစ်ပါက အမှုပိတ်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လီယမ်ပိန်းသေဆုံးခဲ့သည့် အခင်းဖြစ်နေရာဖြစ်သော အာဂျင်တီးနားနိုင်ငံတွင်မူ တရားခံသေဆုံးရသည့်အကြောင်းရင်းကိုပါ ဖော်ထုတ်ကာ သေဆုံးခြင်းဖြစ်စေနိုင်လောက်အောင် မူးယစ်ဆေးဝါးသုံးစွဲရန် ထောက်ပံ့ပေးသူများနှင့် သတိကင်းမဲ့နေသူအား အခန်းထဲတွင်တစ်ဦးတည်းထားခဲ့သည့် သေဆုံးသူ၏သူငယ်ချင်းကိုပါ ဖမ်းဆီး၍ စစ်ဆေးနေသည်ကို စိတ်ဝင်စားဖွယ် သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.nbcnews.com/pop-culture/pop-culture-news/3-people-arrested-connection-liam-paynes-death-argentinian-authorities-rcna179209

## ကမ္ဘောဒီးယားနိုင်ငံနှင့်အငြင်းပွားမှုဖြစ်နေသော ပင်လယ်ပြင်ဧရိယာနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ဆောင်ရွက်ချက်

ထိုင်းနိုင်ငံအစိုးရသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ရေပိုင်နက် ပိုင်ဆိုင်မှုထပ်နေသည့်အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းရန် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ပူးတွဲညှိနှိုင်းရေးကော်မတီ(JTC) ကိုဖွဲ့စည်းရန် ရည်ရွယ်ထားပါသည်။ အဆိုပါပူးတွဲညှိနှိုင်းရေးကော်မတီ(JTC)သည် ၂၀၀၁ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာကို အခြေခံ၍ ထိုင်းပင်လယ်ကွေ့ရှိ နှစ်နိုင်ငံတောင်းဆိုချက်ထပ်နေသည့်ဧရိယာ (Overlapping Claims Area-OCA) နှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားနိုင်ငံနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်မည်ဖြစ်သည်။

အစိုးရသတင်းအရင်းအမြစ်များအရ ဒုတိယဝန်ကြီးချုပ်ဖြစ်သည့် ကာကွယ်ရေးဝန်ကြီး Phumtham Wechayachai က ပူးတွဲညှိနှိုင်းရေးကော်မတီ (JTC)ကို ဦးဆောင်မည်ဖြစ်ပြီး ၎င်းက နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားလုံခြုံရေးကောင်စီနှင့် သက်ဆိုင်ရာအေဂျင်စီများက နားလည်မှုစာချွန်လွှာသည် အငြင်းပွားမှုကိုဖြေရှင်းရန် အကောင်းဆုံးယန္တရားဖြစ်သည်ဟု ယုံကြည်ကြောင်း အခိုင်အမာ ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် ထိုင်းပင်လယ်ကွေ့တွင် စတုရန်းကီလိုမီတာ ၂၇၀၀၀ ရှိသည့် တောင်းဆိုချက်ထပ်နေသည့်ဧရိယာ(OCA)၏ အချုပ်အခြာအာဏာရရှိရေးအတွက် တောင်းဆိုထားကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ပထမဆုံးသော ရေကြောင်းဆိုင်ရာ တောင်းဆိုမှုကို ၁၉၇၂ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ယင်းတောင်းဆိုမှုကို ထိုင်းနိုင်ငံက ပယ်ချခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် ထိုင်းနိုင်ငံက တန်ပြန်တောင်းဆိုမှုကို ပြုလုပ်ခဲ့ပါသည်။

နှစ်နိုင်ငံစလုံးသည် OCA နယ်မြေအချို့တွင် ပူးတွဲဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် ယန္တရားတစ်ရပ်ထူထောင်ရန်နှင့် ပင်လယ်ရေကြောင်းနယ်နိမိတ်သတ်မှတ်နိုင်ရေး ကြိုးပမ်းရန် ၂၀၀၁ ခုနှစ်တွင် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါနားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံတောင်းဆိုမှုထပ်နေသည့် ပိုင်နက်နယ်မြေအတွင်း အဏ္ဏဝါသယံဇာတများစီမံခန့်ခွဲခြင်း

ဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများအတွက် အခြေခံအဖြစ် အသုံးပြုမည်ဆိုပါက ထိုင်းအစိုးရသည် နယ်မြေဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက ထောက်ပြဝေဖန်ကြပါသည်။

အစိုးရအဖွဲ့က JTC ကို အတည်ပြုပြီးသည်နှင့် လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း၊ JTC တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နိုင်ငံတော်ကောင်စီမှ ဥပဒေပညာရှင်များပါဝင်မည်ဖြစ်ကြောင်း၊ OCA နှင့်စပ်လျဉ်းသည့်ညှိနှိုင်းဆွေးနွေးမှုများတွင် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးတွဲဆောင်ရွက်မည့်ကိစ္စရပ်များ အကျုံးဝင်မည်ဖြစ်ကြောင်း၊ စာချုပ်ညှိနှိုင်းမှုမှာ နှစ်နိုင်ငံအကြား အပြန်အလှန်သဘောတူညီမှုကို ရယူသွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် အဆိုပါစာချုပ်ညှိနှိုင်းမှု၏ရလဒ်ကို လက်ခံအတည်ပြုရမည်ဖြစ်ကြောင်း၊ အဆိုပါရလဒ်သည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အခြားသောဥပဒေမူဘောင်များနှင့်ကိုက်ညီမှုရှိရန် အရေးကြီးပါကြောင်းနှင့် ၂၀၀၁ ခုနှစ် နားလည်မှုစာချွန်လွှာကို စာချုပ်ညှိနှိုင်းမှုဆိုင်ရာမူဘောင်တစ်ခုအဖြစ်သာ အသုံးပြုမည်ဖြစ်ပြီး ဝေဖန်သူများ အခိုင်အမာပြောဆိုထားသည့်အတိုင်း အမျိုးသားအကျိုးစီးပွားကို ခြိမ်းခြောက်မှုမဟုတ်ကြောင်း ဥပဒေရေးရာဌာန၊ ညွှန်ကြားရေးမှူးချုပ် Suphanvasa Chotkajan Tang က ပြောကြားပါသည်။

နားလည်မှုစာချွန်လွှာ၏ အပိုဒ် ၅ တွင် အဆိုပါစာချွန်လွှာနှင့် ယင်း၏အကောင်အထည်ဖော်ဆောင်ရွက်မှုသည် နှစ်နိုင်ငံလုံး၏ရေပိုင်နက်ဆိုင်ရာ တောင်းဆိုမှုများကို ထိခိုက်မှုမရှိစေရဟု ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- https://www.bangkokpost.com/thailand/general/2896563/pm-tackles disputed-sea-area

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

